

ဆုမြတ်မွန်မွန်
ဂု ညီ မွမ်း မံ သည်
ရွှန်းရမိမိုး
လကာဗျာအရောင်ရင့်ပါမှ

# အမုန်းဆိုသော ထွန်းထွဋ်

"ဟဲ့ အမုန်း... နင်ဟာလေ ကောင်းကျိုးကိုမပေးဘူး၊ နင် လူ့လောက ထဲဝင်လာကတည်းက ဂြိုဟ်ဆိုးဝင်တာပဲ"

"အို ... မရှယ်ရယ် ကလေးနဲ့ ဘာဆိုင်လို့ လဲ"

"ဆိုင်တယ်ဟဲ့ ဆိုင်တယ်၊ သူ့ကြောင့် ငါ့ယောကျ်ားဆုံးရတာ၊ သူ့ကြောင့် နင်သာ သူ့မွေးနေ့ပွဲ မလုပ်ပေးရင် သူ့ကို အထိမ်းအမှတ်မလု ပ်ပေးရင် ငါ့ယောကျ်ား ဘာမှ ဖြစ်မှာ မဟုတ်ဘူး ။ ငါထင်တယ် ထင် ထားပြီးသား၊ သူ့ကို ပွဲလုပ်ပေးမယ်ဆိုတာနဲ့ ဘေးကလူတစ်ယောက်ကို ထိတော့မှာ ပဲလို့ ။ ခုတော့ ငါ့ယောကျ်ားက ကံနိမ့်နေလို့ ခံလိုက်ရတာဖြ စ်မယ်"

"အို... မဆိုင်လိုက်တာ၊ ကိုစိုးက သူ့ဘာသာ အရက်မူးပြီး ဓာတ်တိုင် ဝင်ဆောင့်တာပဲ၊ ကလေးနဲ့ ဘာဆိုင်လဲ"

"ဟဲ့ ... သူ့ကို တစ်ခုခုလုပ်ပေးတာနဲ့ ဘေးလူကိုထိတာ ထုံးစံလိုဖြစ် နေတာပဲ၊ ခုလည်း နင်သာ သူ့ကို ဒီလိုလုပ်မပေးရင် ဖြစ်မှာ မဟုတ်ဘူး ။ ငါ့ယောကျ်ားက အရင်ကလည်း သောက်နေကျပဲ ဖြစ်ပါလား"

"အခုက အရင်ကထက် ပိုပြီးမူးနေလို့ နေမှာ ပေါ့"

"အို... ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးမနေနဲ့ မိဇာလီ၊ သူကောင်းကျိုးမပေးလို့ သူ့ကိုယ်ဝန်ရှိပြီဆိုတာနဲ့ သူ့အဖေဆုံးတယ်၊

ဘာရောဂါမှ မရှိပါပဲ ရုတ်တရက် ဦးနှောက်သွေးကြော ပြတ်ရတယ်တဲ့
"

"အို… ဒါက တိုက်ဆိုင်တာပဲ"

"ကဲ… သူ့ကို မွေးပြီးပြီးချင်း မီးတွင်းထဲတင် မမမော်ဆုံးတာရော"

"ယောက်ျားဖောင်စီး မိန်းမမီးနေပဲလေ မမရှယ်ရယ်၊ နှစ်ဆယ့်တစ်ရာစုမှာ အတွေးတွေ သစ်စမ်းပါ။ ဖြစ်တတ်တာတွေ ဖြစ်နေတာပါ၊ ကလေးကြောင့် မဟုတ်ပါဘူး"

"ကဲပါ ဒါဆိုရင် သူငါးနှစ်ပြည့်တုန်းက မွေးနေ့ပွဲ နင်လုပ်ပေးခဲ့တာပဲ ၊ အဲဒီနေ့ကပဲ ငါ့အဖေ ဆုံးတယ်၊ အဲဒါကျတော့ရော နင် ဘာပြောဦးမလဲ
"

"မရှယ် အဖေလည်း ဇာဇာ့အဖေပဲလေ၊ ဖေဖေက အစတည်းက သွေးတိုးရှိနေတာ၊ အဲဒီနေ့က အစားတွေမှားပြီး သွေးဆောင့်တိုးသွားတာ ဘယ်တတ်နိုင်ပါ့မလဲ"

"ဒါဆို ခုရော ခုလည်း ငါ့ယောက်ျား အရက်မူးလို့ ပဲပေါ့ ဟုတ်လား၊ ငါ့ယောက်ျားဟာ ဘယ်တုန်းက အဲဒီလောက်မူးဖူးလို့ လဲ ပြောပါဦး"

"အို ဒါတွေအားလုံး ကလေးနဲ့ ဘာမှ မဆိုင်ဘူး၊ ကလေးဟာ သူ့ဘာသာနေတာ၊ သူ့အတွက် ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ဘူး၊ အခု သူဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်တယ်၊ ဘာသာစုံ ဂုဏ်ထူးတွေနဲ့ အောင်လို့ သူ့မွေးနေ့ကို လုပ်ပေးတာ၊ ကလေးက သူ့ဘာသာ သူ့ဘ၀အဖြူထည်လေး အတိုင်းပဲ၊ အဲဒါကို ကလေးကြောင့်လို့ ပြောရတာလဲ၊ မရှယ်မှာ လည်း သားရှိတာပဲ၊ ကိုယ့်သားလေးနဲ့ ကိုယ်ချင်းစာပြီး တွေးကြည့်ပါလား"

"အို… ငါ့သားက ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး၊ ဒီသားမွေးပြီးမှ စီးပွား တက်လာတာပဲ ရှိတယ်၊ ငါ့သားနဲ့ ဒီဂြိုဟ်ကောင်လေးတူလို့ လား"

"မရှယ်နော် ပြောရင်း ပိုဆိုးမလာနဲ့ "

ဒေါ်ဂျူလီယာ မနေသာတော့ သမီးနှစ်ယောက်စကားများ နေရာသို့ ရောက် လာပြီး …

"ဇာလီနဲ့ ရှယ်လီ တော်ပြီ မပြောနဲ့ တော့၊ ပြီးတာတွေပြီးသွားပြီ၊ ပြန် မပြောကြနဲ့ ၊ မာမီလည်း စိတ်မကောင်းဖြစ်နေတယ်၊ နားအေးအေး နေ ပါရစေ အိမ်ပူအောင် မလုပ်ကြနဲ့ "

"ရှယ်လီ ပြောချင်နေတာကြာပြီ၊ နာရေးရက်မလည်ခင် အောင့်နေရ တာ မာမီရဲ့ … ဟီး ဟီး"

"ခင်ပွန်းသည် ဝေဒနာကို မာမီ နားလည်တယ်၊ ကိုယ်ချင်းစာတယ်၊ ဒါပေမဲ့ ဒါတွေဟာ အမုန်းလုပ်တာ မဟုတ်ဘူး ၊ အမုန်းကြောင့် မဟုတ် ဘူး လေ၊ တိုက်ဆိုင်မှုတွေက ကံကြမ္မာအလိုကျပါပဲ၊ သမီးလတ် ကိုယ့် ကိုယ်ကိုယ် ဖြေပါကွယ်။ ဇာဇာအမုန်းကို သွားကြည့်လိုက်ဦး၊ စိတ်ထိခို က် သွားဦးမယ်"

ဇာလီက ထထွက်သွားသည် ။ ဒေါ်ဂျူလီယာက သမီးတွေအပေါ် တော်တော် ဩဇာညောင်းပါသည် ။ သမီးအကြီးဆုံးက အမုန်းရဲ့ အမေ မော်လီထွန်း၊ သမီးအလတ်က ရှယ်လီထွန်း၊ ခုတော့ ကလေးတစ်ယော က်အမေ မုဆိုးမလေးပေါ့၊ သမီးငယ်လေး ဇာလီထွန်းကတော့ အိမ် ထောင်မရှိဘဲ မိဘမဲ့ ဖြစ်နေရှာသော အမုန်းကို ပြုစုစောင့်ရှောက်နေရှာ သူ။ တိုက်ဆိုင်မှုတွေဆိုပေမဲ့ ဒေါ်ဂျူလီယာ ကိုယ်တိုင်လည်း အမုန်းနဲ့ ဆက်စပ်နေတဲ့ ကံကြမ္မာကို ကြောက်မိသည် ။

ဒီကလေးမှာ အပြစ်မရှိရှာဘူးလို့ လက်ခံထားသော်လည်း ရင်းနှီးနွေးထွေးစွာတော့ မဆက်ဆံနိုင်။ ဒီကလေးကို မြင်တိုင်း သမီးကြီးကိုမြင်ရသလို ခံစားရတာကလည်း တော်တော်ဆိုးသည် ။ ဒါပေမဲ့ ကိုယ့်သွေးသားဆိုတော့လည်း ပစ်ထားလို့ မှ မဖြစ်ဘဲ။ သမီးငယ်က ဒီကလေးကိစ္စအဝဝကို တာဝန်ယူထား၍ သာ တော်တော့သည် ။

ဒါပေမဲ့ ဘာပဲပြောပြော အမုန်းကတော့ ပင်ကိုအရည်အချင်း ရှိပြီးသား။ ခုပဲကြည့်လေ ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးဖြင့် အောင်သည် ။ ငယ်စဉ်ကတည်းက အတန်းထဲမှာ အမြဲပထမ။

ရာဇဝင်တွင် မယ့် အမည်းစက်တွေသာ မရှိခဲ့ရင် ဒီကလေးဟာ ဒေါ်ဂျူလီယာရဲ့ အသည်း ဖြစ် နေမလား။

*****

"သားငယ်လေး"

ခုတင်ပေါ် ကန့်လန့်ဖြတ်မှောက်အိပ်နေသော အမုန်း ...

"သားငယ်လေး ဇာဇာ ခေါ်နေတယ်လေ"

"ဗျာ"

မထူးချင် ထူးချင် သံရှည်ဆွဲပြီး ထူးနေသည် ။

"စိတ်မကောင်းဖြစ်သွားလား၊ မဖြစ်နဲ့ ဘာပဲဖြစ်ဖြစ် သားငယ်လေးနဲ့ မဆိုင်ဘူး၊ သူ့ဘာသာ ဖြစ်နေတာချည်းပဲ ကြားလား။ သားငယ်လေးကို ဇာဇာ ဘာပြောထားလဲ၊ ဘယ်သူ့စကားကိုမှ ဂရုမစိုက်နဲ့ ကိုယ့်ဘာသာ ကောင်းအောင်နေလို့ ပြောထားတယ်လေ"

"ဟီး ... သူတို့ က လိုက်ပြောနေတာကို"

"ဘယ်သူဘာပြောပြော ကိုယ်ဂရုစိုက်မှ ဖြစ်တာကွယ်၊ မငိုရဘူး၊ ငိုတာ ယောက်ျားတွေရဲ့ အလုပ် မဟုတ်ဘူး ၊ ယောက်ျားဆိုရင် မငိုနဲ့ "

အမုန်းရဲ့ မျက်ရည်တွေက တိခနဲ၊ ဇာဇာ့စကားတစ်ခွန်းဟာ အမုန်းရဲ့ ဘဝပဲလေ။

"ကဲ ... အခု သားငယ်လေး ကျောင်းဝင်ခွင့်တွေ တင်ရတော့မယ်၊ ဆေးပဲ တက်မှာ လား သားငယ်"

"ဟင့်အင်း ... သား ဆရာဝန် မဖြစ်ချင်ဘူး"

"ဘာကြောင့်လဲ"

"ဝါသနာမပါလို့ "

"ဒါဆိုရင် ဘာလုပ်မှာ လဲ"

"သားက စီးပွားရေးပဲ လုပ်ချင်တယ်၊ သူဌေးပဲ လုပ်ချင်တယ်၊ ငွေတွေ ဂုဏ်တွေမက်တဲ့ အသိုင်းအဝိုင်းကို ငွေတွေ ဂုဏ်တွေနဲ့ ဖိထားဖို့ သား သူဌေးဖြစ်မှ ဖြစ်မယ်"

"ခုလည်း သားငယ်က သူဌေးပဲလေ၊ သားငယ် မိဘတွေထားခဲ့တဲ့ ငွေတွေကို လုပ်ငန်းတွေမှာ ရှယ်ယာထည့်ထားလို့ ခုဆို တော်တော်လေးကို တိုးပွားနေပြီ"

"ဟင့်အင်း ... သားက သားကိုယ်တိုင် ကြိုးစားချင်တာ"

"အိုကေ ... ဒါဆိုရင် သားအခု အရည်အချင်းနဲ့ ဘာမှ လုပ်လို့ မရသေးဘူး၊ သား ပညာတွေသင်လိုက်ဦး၊ စီးပွားရေး ပညာတွေကို ပရော်ဖက်ရှင်နယ်ဖြစ်အောင် သင်လိုက်ဦး"

"ဟုတ် ဒါဆို သား ဘယ်ကျောင်းတက်ရမလဲ ဇာဇာ"

"ဇာဇာ သားကို နိုင်ငံခြားမှာ ကျောင်းသွားထားမယ်၊ အဲဒီမှာ ဆိုရင် သားအနှောင့်အယှက် ကင်းကင်းနဲ့ စိတ်အေးလက်အေး ပညာသင်လို့ ရမယ် အိုကေ"

"အိုကေ ... ဇာဇာ"

"ကဲ ... သား မွေးနေ့အတွက်ရယ် သား ဘာသာစုံ ဂုဏ်ထူးနဲ့ ဆယ်တန်းအောင်လို့ ဆုချတဲ့ အနေနဲ့ ရယ် ဘာလိုချင်လဲ ပြော"

"အင်း ... လိုချင်တာ မရှိပါဘူး"

"ဘာဖြစ်လို့ လဲ သားရဲ့ "

"ဘာဖြစ်လို့ လဲဆိုတော့ သားမှာ လိုချင်တာကို မရှိရဘဲ ပြည့်စုံနေအောင် ဇာဇာက ဖြည့်ဆည်း ပေးထားလို့ လေ"

"တစ်ခုလိုပါသေးတယ်"

"ဘာလဲ ဇာဇာ ရဲ့ မလိုပါဘူး"

"ကဲ ရော့ ... ဒါ သားအတွက်"

"ဟင် ကားသော့"

"ဟုတ်ပါတယ်ရှင် ကားဂိုဒေါင်ထဲကို တစ်ချက်လောက် သွားကြည့်လိုက်ပါဦးရှင်"

"ဝေး ... သား ကားမောင်းလို့ ရပြီလား"

"မရသေးဘူးလေ ဆယ့်ရှစ်နှစ်ပြည့်မှ မောင်းရမယ်၊ ခု သားက ဆယ့်ရှစ်နှစ်ပြည့်ဖို့ တစ်နှစ်ခွဲလောက် လိုသေးတော့ ခုလောလောဆယ် ဇာဇာ့ကားကို မောင်းပေးတဲ့ ဦးတိုးကို သားယူလိုက်"

"ဒါဆို ဇာဇာကရော"

"ကိုယ့် ဘာသာကိုယ် မောင်းမှာ ပေါ့ကွ"

"ဖြစ်ပ့ါမလား ဇာဇာရ"

"သိပ်ဖြစ်တာပေ့ါ ဇာဇာ၊ ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်လေ၊ ပျင်းလို့ ဒရိုင်ဘာငှားထားတာ ဟဲဟဲ"

"အင်း ... ဇာဇာကလည်း ဦးတိုးမပါရင် ဇာဇာ အဖော်မရှိဖြစ်သွားမှာ ပေ့ါ၊ ဇာဇာ့ပစ္စည်းတွေနဲ့ "

"အေးဆေးပါကွာ ဒါ နှစ်ဆယ့်တစ်ရာစုပါ၊ သိပ်ပြဿနာ မရှိပါဘူး"

"ထားပါ ... ထားပါ ဇာဇာ အဆင်ပြေရင် ပြီးတာပါပဲ"

"အံ့မယ် သူက လူကြီးကျနေတာပဲ"

"သား ကားသွားကြည့်ဦးမယ်"

"လာ သားနဲ့ ဇာဇာ ကားလျှောက်စီးရအောင်"

"ဝေး ... ဇာဇာ မောင်းမှာ လား"

"ဒါပေါ့"

"အိုးကေ"

ကားဂိုဒေါင်ရောက်တော့ ပြိုင်ကားနီရဲရဲလေးမို့ အမုန်း ခုန်ပေါက်နေသည် ။

"ဘယ်လိုလဲ သားငယ်"

"အရမ်းကြိုက်တယ်၊ အဲဒါကြောင့် ဇာဇာ့ကို ချစ်တာပေါ့"

"သားငယ်တို့ ကတော့ ဒါတွေနဲ့ ပဲ ဇာဇာ့ကို ညာစားနေတာ"

"ဘာလဲကွ သားက ဇာဇာ့ကို ချစ်တာ ဇာဇာ မကြိုက်ဘူးလား"

"ကြိုက်ပါတယ်ရှင်၊ ကဲ ... ဆရာ ကားပေါ်တက်ပါရှင့်"

"ကောင်းပြီ"

အမုန်းက ပြောင်စပ်စပ်ဖြင့် ကားပေါ်သို့ ခုန်တက်လိုက်ပြီး ကားလေးက ခြံထဲက လွင့်နေအောင် ထွက်သွားသည် ။ ကားပေါ်က တူဝရီးကလည်း ပြုံးပျော်လို့ ။ တကယ်တော့ ဇာဇာက အမုန်းရဲ့ စိတ်အားငယ်မှုတွေကို နည်းမျိုးစုံနဲ့ မြှင့်တင်ပေးနေရတာပါ။ ငယ်စဉ်ကတည်းက

အားလုံးရဲ့ စောင်းမြောင်း ပြုစုမှုတွေကို ဇာလီ ဖြေသိမ့်ပေးခဲ့ရတာ။ အမုန်းဆိုတဲ့ စကားလုံးရင့်ရင့်နဲ့ ကလေးကို နင့်နင့်သီးသီး ခေါ်ခဲ့ကြပေမယ့် ဇာလီကတော့ သားငယ်လေးကို ပါးစပ်ဖျားကမချ။ အမုန်း ငါးနှစ်ပြည့်လို့ ကျောင်းအပ်တော့ ဇာလီ့ဘာသာပဲ "ထွန်းထွဋ်" ဟု ကျောင်းနာမည် ပေးလိုက်သည် ။

တကယ်တော့ အမုန်းဟာ ဇာလီ ရင်နှင့်လွယ်မမွေးရရုံတမယ် ဝမ်းမနာသားပင်။ အမုန်းဆိုသော ကျောက်ရိုင်းကလေးကို တန်ဖိုးတက်လာအောင် အရည်အသွေးတွေ တောက်ပ လာအောင် ဇာလီ ပုံသွင်းပေးခဲ့တာလေ။

"ဇာဇာ ဘာတွေ စဉ်းစားနေတာလဲ"

"ဩော် ... ကောင်လေးတစ်ယောက်အကြောင်း"

"ဟင့် ... ဇာဇာက ဘယ်ကောင်လေးအကြောင်း စဉ်းစားနေတာလဲ"

"ထွန်းထွဋ်ဆိုတဲ့ ကောင်လေးအကြောင်းပေါ့"

"နောက်မှ စဉ်းစား ဇာဇာရေ ၊ တွေးရင်း မမောင်းနဲ့ နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဗိုက်ဆာတော်မူပြီ မင်းကြီးများ "

"တင်ပ့ါ ကန်တော်ကြီးကို ရောက်တော်မူမှာ မို့ ကန်တော်ကြီးထဲမှာပဲ ဝမ်းတော်ဖြည့်ကြပါစို့"

"ကောင်းလေစွ ... ကောင်းလေစွ"

စလိုက်နောက်လိုက်နှင့် သူတို့ ကားလေးက ကန်တော်ကြီးထဲ ဝင်လာသည် ။ ကားပေါ့ါခ်ကင်မှာ ကားရပ်တော့ သူတို့ ကားနှင့် ဆင်တူကား

လေးတစ်စီးကို တွေ့ရသည် ။

"ဟင် ... ဟိုကားက သားကားနှင့် တူတယ်နော် ဇာဇာ"

"အေး ... ဟုတ်တယ်ကွ၊ ဒါ ဇာဇာ သဘော်ချ အသစ်ကို ဝယ်ထားတာ၊ ဒါတောင် ဆင်တူက တိုက်တိုက်ဆိုင်ဆိုင် လာတွေ့နေသေးတယ်"

"ဇာဇာရယ် သဘော်ချတာက တစ်စီးတည်းမှ မဟုတ်တာ၊ တူမှာပေါ့၊ ဘယ်နှစီးတောင်ချလဲမှ မသိတာ"

"အင်း ... ဟုတ်တယ်၊ ကဲ ... လာ တို့ တွေ ဝါးတီးသွား ဆွဲမယ်"

ကန်တော်ကြီးထဲက ရှမ်းရိုးရာဆိုင်လေးမှာ ဆိုင်သစ်လေးဖြစ်ပြီး ဆိုင်အပြင်အဆင်ကလည်း တော်တော်လေး ကောင်းသည် ။ ဆိုင်ပုံစံကို ဥရောပစတိုင်မျိုးဆောက်ထားပြီး ဆိုင်ပတ်လည်က မှန်အကြည်တွေ ကာထားသဖြင့် ပတ်ဝန်းကျင်နဲ့ တစ်သားတည်းလို ခံစားရသည် ။ ရှမ်းအစားအစာ ပူပူနွေးနွေးမှာ ပြီး နှစ်ယောက်သား အားရပါးရ စားနေကြသည် ။

"စားလို့ ကောင်းလား သားငယ်"

"ကောင်းမှ ကောင်းပဲ တီလေး"

စားပြီးတော့ ကန်တော်ကြီးထဲ လမ်းလျှောက်ကြသည် ။

"ဘုတ်"

"အင့်"

"အား"

အမုန်းကို နောက်မှ တစ်စုံတစ်ယောက်က ဝင်တိုက်သဖြင့် အမုန်းမှာ ရှေ့ကတိုင်လုံးနှင့် သွားဆောင့်မိပြီး အီစလံဝေသွားသည် ။

"ဆောရီး"

"မင်း လူတစ်ယောက်လုံး မမြင်ဘူးလား"

"ဟိုလေ ... ထိန်တို့ သူငယ်ချင်းတွေ အပြေးပြိုင်တမ်း ကစားနေကြတာ၊ အဲဒါ ဒီက အစ်ကို့ကို ဝင်တိုက်မိသွားလို့ ၊ အဟဲ ... နာသွားလား ဆောရီး"

"ဘာ ကောင်မလေးတွေမှန်း မသိဘူး"

"လူမလေးတွေလေ ... လူမလေးတွေပေ့ါ မသိဘူးလား"

"ဟဲ့ ... နင်တို့ ကလည်း ကိုယ်ကလည်း ဝင်တိုက်သေးတယ် ထိန်ထိန်ရယ် အဲလိုမပြောရဘူး"

သူမတို့ အဖွဲ့ထဲမှ အနည်းငယ် အသက်ပိုကြီးပုံရသော ကောင်မလေးက ဝင်ပြောသည် ။ ထိန်ထိန်ဆိုသော ကောင်မလေးက သူ့ကို မျက်စောင်းကလေး လှစ်ခနဲလှမ်းထိုးပြီး ထွက်သွားသည် ။ ထိုတစ်ဖွဲ့လုံးမှာ ထိန်ထိန်အလှဆုံးဟု သော အမှန်း သိလိုက်ပါသည် ။ ဖြောင့်စင်းနေသော သူမရဲ့ ကျောလယ်ခန့်ရှည်သော ဆံပင်တွေကို ခရမ်းရောင် တောက်တောက်ဆိုးထားသည့် သူမရဲ့ ဖြူသောအသားနှင့် တော်တော်လိုက်ဖက်နေသည် ။

မျက်နှာလေးက ဝိုင်းစက်နေပြီး မျက်လုံးလေးတွေကလည်း ဝိုင်းစက်ကြည်စင်နေပြီး မျက်တောင်ထူထူတွေက ရှည်လျားစွာကော့တက်နေသည် ။ ခြုံငုံကြည့်လျှင် ဂျပန်မင်းသမီးလေး တစ်ယောက်လို သူမလှနေသည် ။

"သားငယ်လေး အသက်ရှူပါဦး"

"သူလှတယ်နော် ဇာဇာ"

"အင်း ... ချစ်စရာလေး"

"လှပသော ချစ်စရာကောင်မလေးပေါ့နော် ဇာဇာ"

"တော်သင့်ပြီ"

"ဟဲ ဟဲ ..."

"ကိုထွန်းထွဋ်ရေ ရှင့်အသက်လေး ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်နော်"

"ဇာဇာကလည်း သား ဘာလုပ်နေလို့ လဲ"

"ဟုတ်ပါပြီ။ ဘာမှ မလုပ်သေးခင် သတိပေးထားတာပါ၊ ကဲ ... သွားကြမယ်။ ဒီအချိန်ဆို အိမ်မှာ နှုတ်ခမ်းတွေ ထော်နေလောက်ပြီ"

"ဇာဇာ"

"ရှင်"

"တစ်ခါတလေ ကျရင် စဉ်းစားမိတယ်၊ ဇာဇာသာ မရှိရင် သားဘဝ ဘယ်လိုများ နေရမလဲမသိဘူးလို့ "

"သားငယ်လေးရယ် အဲလိုအားငယ်တာ ဇာဇာ မကြိုက်ဘူးလို့ ပြောထားတယ်လေ၊ သားငယ်လေးဟာ ထွဋ်ဖျားမှာ ထွန်းတောက်နေမယ့် ကြယ်လေးတစ်ပွင့်ပဲ ဖြစ်ရမယ်၊ အားငယ်တယ်ဆိုတာ မိန်းမတွေအလုပ်ပဲ"

"ဇာဇာ သား အမုန်းဆိုတဲ့ နာမည်ကို မုန်းတယ်"

"ဘယ်သူတွေ ဘယ်လိုခေါ်ခေါ် သားနာမည်က ထွန်းထွဋ်လေ၊ အမုန်းမှ မဟုတ်တာ ကဲ ... သွားမယ်"

ကားပေါ့ခ်ကင်ရောက်တော့ သူ့ကားနဲ့ တူသည့် တစ်ဖက်က ပြိုင်ကား

နီနီလေးပေါ်မှာ ထိန်ထိန်တို့ အဖွဲ့။ သူတို့ တစ်ဖွဲ့လုံး သူ့ကားကို စိတ်ဝင်တစား လှမ်းကြည့်နေကြသည် ။ မောင်းသူနေရာမှာ ထိန်ထိန်ထိုင်နေသဖြင့် ထိုကားဟာ ထိန်ထိန့်ကားဖြစ်ဖို့ များ သည် ။ သူနဲ့ ထိန်ထိန်က ကားချင်း ဆင်တူမို့ သူပျော်သွားမိသည် ။ ဇာဇာက ကားကို စမောင်းထွက်လိုက်တာနှင့် နောက်က ထိန်ထိန်တို့ ကားကပါလာသည် ။

"ဟို ကောင်မလေးက ငယ်ငယ်လေးနဲ့ ကားမောင်းတယ်နော် ဇာဇာ "

"ငယ်တယ်ထင်ရပေမယ့် ဆယ့်ရှစ်နှစ်ပြည့်ပြီးလို့ နေမှာ ပေါ့ သားငယ်လေးရဲ့ "

"ဟင် ... ဒါဆို သူက သားထက် နှစ်နှစ်ကြီးတာပေါ့"

"အေးပေါ့"

သူ့ထက် အသက်ကြီးသည် ဆို၍ တစ်မျိုးကြီး ဖြစ်သွားသည် ။

"မထိန်ထိန်ပေါ့နော်"

"သားငယ်လေးနော် ဒါပဲ တတွတ်တွတ်ရွတ်နေ၊ နိုင်ငံခြားသွားဖို့ ကျောင်းတက်ဖို့ အောင်မြင်တဲ့ လုပ်ငန်းရှင် တစ်ယောက်ဖြစ်ဖို့ ..."

"စိတ်ချပါ ဇာဇာရာ ထွန်းထွန်းပါ"

"ဟုတ်ပြီ ဒါမှ ဇာဇာ့သားငယ်လေး"

စကားတပြောပြောနှင့် မောင်းလာသော သူတို့ ကားလေးကို ထိန်ထိန်တို့ ကားက ကျော်တက်သွားပြီး တစ်ဖွဲ့လုံး ဝိုင်းအော်လက်ပြသွားကြသေးရဲ့ ။

"ဘေဘီလေးရေ တာ့တာ"

*****